# အောင်ချိမ့်၏ ဂန္ထဝင်မမကဗျာကို စိစစ်လေ့လာခြင်း

ခင်မာသက်[၁]


## စာတမ်းအကျဉ်း

ဤစာတမ်းသည် ခေတ်ပေါ်ကဗျာဆရာအောင်ချိမ့်၏ ကဗျာဖန်တီးမှုနှင့် ကဗျာ့ကျေးဇူးကို အတွင်းလေ့လာမှုရှုထောင့်၊ အပြင်လေ့လာမှုရှုထောင့်နှင့် စာဖတ်သူရှုထောင့်တို့မှ လေ့လာတင်ပြထားပါသည်။ ခေတ်ပေါ်ကဗျာဆိုင်ရာ နည်းနာသဘောတရားများနှင့် ချဉ်းကပ်လေ့လာထားပါသည်။ ခေတ်ပေါ်ကဗျာဆရာတစ်ဦး၏ ကဗျာလက်ရာတွင် သူ့ခေတ်အတွေ့အကြုံကို သူ့အတွေးနှင့်ပုံဖော်နိုင်စွမ်းရှိပုံကို စိစစ်ခြင်းဖြစ်ပါသည်။ ကဗျာဖန်တီးသူနှင့် ကဗျာခံစားသူ တို့၏ အတွေ့အကြုံနှင့် ခံစားမှုပေါ်မူတည်၍ ကဗျာအရသာနှင့် ကဗျာ့ကျေးဇူးများ ကွဲပြားခြားနားတတ်ပါသည်။ ဤတန်ဖိုးဖော်ထုတ်နိုင်ခြင်းဖြင့် ခေတ်ပေါ်ကဗျာလမ်းကြောင်းဆိုင်ရာ သုတေသနများကို အထောက်အပံ့တစ်ခုဖြစ်စေမည်ဟု ယုံကြည်ပါသည်။

သော့ချက်ဝေါဟာရ။ ။*ခေတ်ပေါ်ကဗျာ၊ ကဗျာဖန်တီးမှု၊ အတွင်းလေ့လာမှု၊ အပြင်လေ့လာမှု၊ ကဗျာ့အရသာ၊ ကဗျာ့ကျေးဇူး။*


## နိဒါန်း

ခေတ်ပေါ်ကဗျာများသည် ၁၉၇၀ပြည့်နောက်ပိုင်းမှစ၍ ပေါ်ပေါက်လာခဲ့ပါသည်။ ယနေ့တိုင် နှစ်ပေါင်း(၅၀)ဝန်းကျင်အထိ ရှင်သန်နေခဲ့ပြီဖြစ်ပါသည်။ ခေတ်ပေါ်ကဗျာများကို မော်ဒန်ကဗျာဟုလည်း ခေါ်ပါသည်။ ဤစာတမ်းတွင် "ခေတ်ပေါ်ကဗျာ" ဟုသာ ခေါ်ဝေါ်ရေးသားသွားပါမည်။ ခေတ်ပေါ်ကဗျာဖန်တီးသူနှင့်ခံစားသူကြားခြားနားမှုများရှိနေဆဲဖြစ်ပါသည်။ သို့သော် ယခင်ကလောက် ပြင်းထန်ခြင်းမရှိတော့ပဲ အားလျော့လာပြီဟု စာပေပညာရှင်အများစုက ပြောဆို နေကြပြီဖြစ်ပါသည်။ စာပေခေတ်အရွေ့တစ်ခု ပေါ်ပေါက်လာတိုင်း ဝေဖန်ဆွေးနွေးမှုများ၊ လက်ခံ သူများ၊ လက်မခံလိုသူများ ရှိစမြဲဖြစ်ကြောင်းကို စာပေဝါသနာပါသူတိုင်း သိရှိပြီးသားဖြစ်ပါသည်။ ဤစာတမ်းတွင် အလေးပေးဖော်ပြလိုသောအချက်မှာ ခေတ်ပေါ်ကဗျာဆရာတစ်ဦး၏ လောကအစဉ် အစဉ်အလာကဗျာနှင့် ခေတ်ပေါ်ကဗျာကြား ဖြစ်ပေါ်တတ်သော စိတ်အစဉ်ကို ဖော်ပြလိုခြင်း ဖြစ်ပါသည်။ ကဗျာဖန်တီးသူ၏ စိတ်အစဉ်ကို သူ့စေတနာ သူ့အတွေးနောက်သို့ သူ့အရေးက မည်သည့်အတိုင်းအတာအထိ ဖန်တီးနိုင်ကြောင်းကို သုတေသနပြုခြင်းဖြစ်ပါသည်။ ဤရည်ရွယ်ချက်ကို ပေါ်လွင်လာစေရန် (၁) ဂန္ထဝင်မမကဗျာ၏ ဆိုလချက်အကျဉ်း (၂) ဂန္ထဝင်မမ နှင့် ဘာသာစကားအမြင် (၃) ဂန္ထဝင်မမနှင့် အတွေး (၄) ဂန္ထဝင်မမနှင့်ရသ (၅) ဂန္ထဝင်မမနှင့် ကဗျာဟန်ဟူ၍ ကဏ္ဍများခွဲကာ တင်ပြထားပါသည်။ အလေ့လာခံနယ်ပယ်အဖြစ် "မင်းက အောင်ချိမ့်လား" ကဗျာပေါင်းချုပ်မှ ဂန္ထဝင်မမကဗျာရှည်ကို သတ်မှတ်ထားပါသည်။ ဤကဗျာကို ခေတ်ပေါ်ကဗျာဆိုင်ရာ ပညာရှင်များဖြစ်သော မောင်သာနိုး၊ ဇော်ဇော်အောင်၊ သစ္စာနီ၊ မျိုးသန့်၊ မင်းနဒီခ၊ ဇေယျာလင်း စသူတို့၏ သဘောတရားများနှင့် ချဉ်းကပ်လေ့လာတင်ပြထားပါသည်။ ဤစာတမ်းတွင် ခေတ်ပေါ်ကဗျာဖန်တီးသူ၏ အတွေးနှင့်အရေးကို ကဗျာခံစားသူက မိမိရရဖော်ပြ နိုင်ခြင်းမရှိကြောင်းကို ပြဿနာတစ်ခုအဖြစ် တင်ပြထားပါသည်။ ဤပြဿနာကို ဖြေရှင်းနိုင်ခြင်း အားဖြင့် ကဗျာဖန်တီးသူနှင့် ခံစားသူကြားရှိ အဆက်အစပ်ကို ခြေရာခံမိစေမည်ဟု ယူဆပါသည်။

---

[၁] ဒေါက်တာ၊ ပါမောက္ခ၊ မြန်မာစာဌာန၊ ပဲခူးတက္ကသိုလ်။

## ၁။ ဂန္ဓဝင်မမကဗျာ၏ ဆိုလိုချက်အကျဉ်း

အောင်ချိမ့်၏ ခေတ်ပေါ်ကဗျာများစွာအနက် "ဂန္ဓဝင်မမ" ကဗျာသည် အောင်ချိမ့်၏ ငယ်လက်ရာတစ်ခုဖြစ်ပါသည်။ ဤကဗျာကို အောင်ချိမ့်က ၁၉၇၄ ခုနှစ်လောက် ရေးခဲ့သည်ဟု ဒဂုန်တာရာ၏ အမှာစကားအရ သိရပါသည်။ ကဗျာအပိုဒ်ရေ (၁၂)ပိုဒ်ပါရှိပြီး အကြောင်းရေ (၄၃၄)ကြောင်း ပါရှိသော ကဗျာရှည်တစ်ပုဒ်ဖြစ်ပါသည်။ ဤကဗျာ၏ ဆိုလိုချက်ကို အကျဉ်းမျှဖော်ပြရသော် ခေတ်ပေါ်ကဗျာဆရာတစ‌ဦး၏ ဂန္ဓဝင်စာပေနှင့် ပတ်သက်သော စာပေအမြင်တစ်ခုကို ချပြခြင်း ဟု ဆိုနိုင်မည်ထင်ပါသည်။ ခေတ်ပေါ်ကဗျာ၏ ယေဘုယျလက္ခဏာများထဲမှ အကွက်သဘော ဆောင်ခြင်း၊ ရိုပ်ကာဝဲကာပြောခြင်း၊အပြောရစ်သမ်သုံးခြင်းဟူသော လက္ခဏာများကို တွေ့ရပါ သည်။

၁။ ကဗျာ၏အစတွင် ဖျားနေသူတစ်ယောက်၏ ဂယောင်ကတမ်း ညည်းပြီးပြောဆိုသံဖြင့် ဖွင့်ထားပါသည်။

၂။ သမဝါယမဆန်စားသူများ စကားဝိုင်းသည် အပြိုင်အဆိုင်၊ အလုအယက်တို့ဖြင့် ဆူညံလျက်ရှိနေပါသည်။

၃။ အတိတ်ကို ပြန်လည်သတိရပြီး သစ္စာရှိရှိဖြင့် စောင့်မျှော်နေကြောင်းကို စိုးပိုင်၏သီချင်းတစ်ပိုင်းတစ်စဖြင့် ပုံဖော်ထားပါသည်။

၄။ ဂန္ဓဝင်မမ၏ အလှဂုဏ်ကို ဖော်ကျူးထားပါသည်။ ဟန်ဆောင်မှုကင်းပုံ၊ မပြင်မဆင်နဂိုယဉ်သူဖြစ်ကြောင်း ညွှန်းဆိုထားပါသည်။

၅။ ဂန္ဓဝင်မမ၏လောကသည် အေးချမ်းမှုတို့ဖြင့် ငြိမ်သက်လျက်ရှိပါသည်။ သီးခြားဆန်ပါ သည်။

၆။ သူနှင့်ပတ်သက်၍ အထင်မှား၊ အမြင်မှားနေသူများရှိသည်။ ထိုသူများကို "ထမင်းစား သူတိုင်းလူမဖြစ်နိုင်"၊ "နိဗ္ဗာန်ဘုံထက်ပြည့်စုံတဲ့ ကမ္ဘာရှိတယ်"၊ "စွဲချက်တင်စရာရှိသည်" ဟု ဆိုပါသည်။

၇။ ရုံးဆင်းချိန် မိုးဖွဲဖွဲ၌ "မမ" လျှောက်လှမ်းလာသည်ကို မြင်နေရပါသည်။ "မမ"က ကျွန်တော့်ကို မြင်သွားမှာ စိုးရိမ်ပါသည်။"မမ"ကို နှောင့်ယှက်မည်မဟုတ်ကြောင်း ကျိန်တွယ်ပြောရပါသည်။

၈။ "မမ"နှင့်တွေ့လျှင် ပြောမည်ဟု ရဲစိတ်ရဲမာန် အပြည့်ဖြင့် ကြိုးစားပြီး ထွက်လာခဲ့ပါသည်။"မမ"က "ငါဟာ မင်းအမေလောက်ရှိပါတယ်" ဟု ပြောခဲ့ပါသည်။ ဤစကားတစ်ခွန်းတည်းဖြင့် နောက်ဆုတ်ခဲ့ရပါသည်ဟု ရှင်းပြထားပါသည်။

၉။ "မမ"၏ နှလုံးသားသည် အသုံးမဝင်တော့ပါ။ ကွန်ပျူတာတစ်လုံးလိုပါပဲ။ သေခြင်းကို အခန်းကျဉ်း၏ ထောင့်လေးတစ်ထောင့်မှာ ငြိမ်ငြိမ်လေး စောင့်နေသူနှင့် တူပါသည်ဟု စွပ်စွဲထား ပါသည်။

၁၀။ ကိုယ့်အရိပ်ကိုပင် စိတ်စိတ်မွှာမွှာကွဲ၍ သွေးစိမ်းရှင်ရှင် ဒဏ်ရာများနှင့် ခံစားရပါသည်။ ၁၁။ "မမ"နှင့် တွေ့ခွင့်ရရန် အခွင့်အရေးလွန်စွာရှားပါးလျက်ရှိပါသည်။

၁၂။ နံနက်(၉)နာရီမှာ ရုံးတက်သည်။ ရုံးဆင်းရုံးတက် ပုံမှန်လည်ပတ်နေသည်။ "မမ" ၏ ဘေးမှာ တိုက်ပုံဝတ် ပေါင်ဒါရိုက်ထားသော လူငယ်တစ်ဦးပါလာသည်။ သာသာယာယာရှိသည်။ အလုံခြုံဆုံးသော တံခါးတစ်ချပ်ဟာ ဘယ်ရာသီမှာ ဖြတ်သန်းနိုင်မည်လဲ။ ကမ္ဘာထဲမှာ တုန်ခါသွားကြောင်း "ဟက်ဟက်ပက်ပက်ရယ်ပစ်မိတယ်" ဟု နိဂုံးချုပ်ထားပါသည်။

## ၂။ အောင်ချိမ့်၏ ခေတ်ကဗျာလောက

အောင်ချိမ့်၏ "ဂန္ဓဝင်မမ" ကဗျာနှင့် ပတ်သက်၍ ဒဂုန်တာရာက အောက်ပါအတိုင်း ဖော်ပြထား ပါသည်။ ဒဂုန်တာရာက သူ၏မျိုးဆက်ကို ပထမမျိုးဆက်၊ အောင်ချိမ့်၏ မျိုးဆက်ကို ဒုတိယ မျိုးဆက်၊ ဒဂုန်တာရာ၏တူမမျိုးဆက်ကို တတိယမျိုးဆက်ဟု ခေါ်ပါသည်။

အောင်ချိမ့်၏ ကဗျာထွက်ပေါ်စဉ်က အတတ်ပညာပိုင်းကို အလေးထားသော အယူအဆများ ထွက်ပေါ်နေသည်။ နောက်ခံကားတွင် သင်္ကေတရုပ်ပုံစကားလုံးများဖြင့် လူမှုရေးဝေဒနာများကို မမေ့ဘဲ ဖွဲ့နွဲ့ထားသည်ကို တွေ့ရသည်။

ဤဆိုလိုချက်အရ အောင်ချိမ့်၏ "ဂန္ဓဝင်မမ" ကဗျာ နှင့် ပတ်သက်၍ ဒဂုန်တာရာက ကြိုဆိုပုံ ရသည်။

အောင်ချိမ့်က "ဂန္ဓဝင်မမ" ကဗျာနှင့် ပတ်သက်၍ သူ့ဝေဒနာကို ဖော်ပြထားပါသည်။

"ကဗျာရဲ့အောက်ခြေ နေ့စွဲ ၂၉-၈-၇၄ ကို သတိပြုဖို့ပါပဲ။ မိမိရဲ့ အစဉ်မပြေခဲ့ပုံတွေကို ပြန်လည် တွေးရတာ ပျော်စရာကောင်းလှပါတယ်။ ဒီအတွေးနဲ့ ဂန္ဓဝင်ကို ထုတ်ဝေခြင်းဖြစ်သည်"[၁]

ဟု ဖော်ပြထားပါသည်။

လူထုစိန်ဝင်းက "မော်ဒန်လက်ဖက်ရည်ပန်းကန်ထဲက မုန်တိုင်းငယ်" စာအုပ်တွင် အောင်ချိမ့်နှင့် ပတ်သက်၍

> "သူယုံကြည်သော မော်ဒန်ပုံသဏ္ဍာန်မျိုးနှင့် ကဗျာတွေကို စွဲစွဲမြဲမြဲရေးသား နေသူဖြစ်သည်။ မော်ဒန်ကဗျာကောင်းတွေ ဖန်တီးရေးသားနေတုန်းပါပဲ။ ကိုယ် ယုံကြည်ရာတစ်ခုခုကို ရိုးရိုးသားသားနဲ့ စွဲစွဲမြဲမြဲ ဆုတ်ကိုင်ထားသူတိုင်းကို လေးစားကြည်ညိုပါသည်"[၂] ဟုရှင်းလင်းတင်ပြထားပါသည်။

ဤရှင်းလင်းချက်ကို ကြည့်ခြင်းအားဖြင့် မော်ဒန်ကဗျာများနှင့် ပတ်သက်၍ ပြည့်ပြည့်ဝဝ လက်ခံခြင်းမရှိသေးကြောင်း တွေ့ရပါသည်။

နေမျိုးက ခေတ်ပေါ်ကဗျာနှင့် ပတ်သက်၍ အနေအထားသုံးရပ်ကို ဖော်ပြထားပါသည်။ (၁) ခေတ်ပေါ်ကဗျာ စတင်ခြင်း (၂) ခေတ်ပေါ်ကဗျာကို အသိအမှတ်ပြု လက်ခံခြင်း (၃) ခေတ်ပေါ်ကဗျာကို ပြုပြင်ပြောင်းလဲနှင့် ငြင်းပယ်ရန်ကြိုးစားခြင်းတို့ ဖြစ်ပါသည်။ ခေတ်ပေါ်ကဗျာကို ဖွံ့ဖြိုးစေခဲ့သူများမှာ အောင်ချိမ့်၊ သစ္စာနီ၊ မောင်ချောနွယ်၊ သုခမိန်လှိုင်၊ မြေချစ်သူ၊ နွေပင်လယ်နေ၊ မောင်ပြည့်မင်း၊ လှသန်း၊ ထွန်းဝေမြင့် စသူတို့ဖြစ်ပါသည်။

ထို့ကြောင့် အောင်ချိမ့်ရပ်တည်ခဲ့သည့် ခေတ်ပေါ်ကဗျာလောကသည် ခေတ်ပေါ်ကဗျာကို စတင်ပြီး အသိအမှတ်ပြုကာစအချိန်မှစ၍ ကဗျာခံစားသူများလက်ထဲသို့ သူ့ကဗျာများရောက်ရှိ နေပြီဖြစ်သည်။ ခေတ်ကဗျာ၏ တန်ဖိုးများနှင့် အကျိုးကျေးဇူးများကို အသိအမှတ်ပြု မှတ်တမ်း ပြုချိန်ဖြစ်သည်ဟု ခန့်မှန်းပါသည်။

## ၃။ ဂန္ဓဝင်မမနှင့် အတွေး

ဤကဏ္ဍတွင် ဖော်ပြထားသောအတွေးသည် ကဗျာဖတ်သူ၊ ခံစားသူတစ်ဦးက အနုပညာပစ္စည်း တစ်ခုကို ခံယူပြီးနောက် ဖြစ်ပေါ်လာသော အတွေးကို တင်ပြလိုခြင်းဖြစ်ပါသည်။ယခုလည်း ခေတ်ပေါ်ကဗျာဆရာများအနက် နေရာတစ်ခု၊ မှတ်တိုင်တစ်တိုင်အဖြစ် ရပ်တည်နေပြီဖြစ်သော ကဗျာဆရာအောင်ချိမ့်၏ ခေတ်ပေါ်ကဗျာများကို ဖတ်ရှုလေ့လာနေပါသည်။

အတွေးနှင့်ပတ်သက်၍ မျိုးသန့်က

---

[၁] အောင်ချိမ့်၊ ၂၀၁၆၊ အမှာစာ။

[၂] စိန်ဝင်း၊လူထု၊ ၁၉၉၉၊ ၁၃၀။

“ကဗျာတစ်ပုဒ်တွင်ကဗျာရေးသူထည့်သွင်းထားသော တွေးထောင့်(ဝါ) ကဗျာ့အတွေး ပါသလို ကဗျာဖတ်သူဘက်မှလည်း ကဗျာကို ဖတ်ပြီးနောက် ဖြစ်ပေါ်လာသော အာရုံခံစားမှုနှင့် အတွေးစများလည်း ရှိပါသည်”[၁]

ဟု ဆိုပါသည်။

“ကဗျာဆရာဟာ သူ့ပတ်ဝန်းကျင်၊ သူ့လေ့လာမှု၊ သူ့အပေါ်ရိုက်ခတ်လာမယ့် အခိုက် ခဏတ်စသည့် အကြောင်းအရာတွေအပေါ် များသောအားဖြင့် သူ့ကဗျာကို တည်ဆောက်လေ့ရှိတဲ့အတွက် အချို့သောကဗျာဖတ်သူနဲ့ ဝေးကွာသွားလေ့ ရှိတတ်တာကို တွေ့ရပါသည်”[၂]

ဟု ဆိုထားပါသည်။ ကဗျာဆရာရပ်တည်နေရသော ခေတ်နှင့်ဝေးကွာသော သီးခြားဆန်သော သဘောကို လက်ခံလိုခြင်းမရှိကြောင်း တွေ့ရပါသည်။ ဂန္ထဝင်မမ၏ ဒုတိယပိုဒ်မှာ−

“ဟိတ်
ပိုက်ဆံထောင်ပစ်နေတဲ့ ချာတိတ်တို့
တစ်ဆိတ် တောင်းပန်ပါတယ်
လမ်းဖယ်ပေးလိုက်ကြပါကွာ။
ဟုတ်တယ်လေ ကားတိုက်ရင်
သေတတ်သလို
‘ကာရန်တိုက်ရင်လည်း
သေတတ်တယ်ဆိုပဲ’
သြော် ငါ့သူငယ်ချင်း
ဒုက္ခ
ဒုက္ခ
အိပ်မက်ထဲမှာပင် ဒုက္ခ။ ။” (စာ−၆၃၅)

ဆိုသော အဖွဲ့မှာ ဂန္ထဝင်နှင့် ပတ်သက်၍ ခံယူထားသော သူ့သဘောထားကို ပထမလူနေရာကနေ တင်ပြထားတာကိုတွေးကြည့်နိုင်ပါသည်။ ကဗျာ၏ စတုတ္ထပိုဒ်မှာလည်း ဂန္ထဝင်ကို လေးစားစိတ် ဖြင့် ဖော်ပြဟန်၊ သူ၏သက်ရှိအနေနှင့် ကွာခြားပုံကို စဉ်းစားပုံဖြင့် ပုံဖော်ထားပါသည်။

အပြောင်းအလဲနှင့် ပတ်သက်၍ ထင်မြင်ယူဆမှုများ အမျိုးမျိုးပေါ်ခဲ့ပါသည်။ ဤသဘောကို ဆဋ္ဌမပိုဒ်တွင်−

“တချို့တွေက ထင်မြင်သလို
မဆင်ခြင် မယူဆဖို့တော့
ကျွန်တော်ဆွေးနွေးမှ ဖြစ်မယ်
ကောင်းကင်ကြီး တစ်ခုအောက်မှာ
ဘာမှ အစဉ်မပြေသူတစ်ယောက်ကိုမှ
ကြောက်စရာကောင်းတယ်ဆိုတာ
တရားမဲ့လွန်းပါတယ်”ဟူ၍ စပ်ဆိုသီကုံးထားပါသည်။

ခေတ်ပေါ်ကဗျာနှင့်ပတ်သက်၍ ရဲဝံ့စွာလျှောက်လှမ်းခဲ့ပုံကို ပိုဒ်ရေ(၈)တွင်−

“တကယ့်ခြသေ့်
လာပြီဟေ့
တစ်နေ့ အောင်ပွဲကိုသိရှိ
သူရဲကောင်းတို့ငယ်စိတ်ခတ်ပြ

[၁]မျိုးသန့်၊ ၂၀၁၇၊ ၈၂။
[၂]မင်းနဒီ၊ ၂၀၁၆၊ ၃၉။

လာပြီဟော့
အာဇာနည်တို့ ထုံးနှလုံးမွေ့"ဟု ရေးဖွဲ့ထားသည်။

အောင်ချိမ့်သည် ကာလတစ်ခု၊ အခြေတစ်ခု၏ အရွေ့အကြောင်းကို ရေးဖွဲ့ရာ၌ စိတ်ကူးပုံတူညီကြောင်း တွေ့ရပါသည်။ "ဂန္ထဝင်မမ" ခေတ်ပေါ်ကဗျာ၌

"အိုး
ငါဖျားနေတာ
နွေသုံးခု၊ မိုးသုံးခု
ဆောင်းသုံးခု" (စာ-၁၆) ဟူ၍

ရေးဖွဲ့ထားပါသည်။ "တော်လား၊ အသည်းကွဲ၊ တေးသွား" အစရှိသည ခေတ်ပေါ်ကဗျာ များတွင် တွေ့ရပါသည်။

အောင်ချိမ့်၏ "ဂန္ထဝင်မမ" ခေတ်ပေါ်ကဗျာကို ဖတ်ပြီးနောက် ကဗျာခံစားသူဘက်မှ ကဗျာဖန်တီးသူ၏ ကဗျာဟန်နှင့် သူ့ခေတ် သူ့အခြေအနေတစ်ခုခုကို ဆက်စပ်တွေးတောမိစေ ခဲ့ပါသည်။

## ၄။ ဂန္ထဝင်မမနှင့် ဘာသာစကားအမြင်

အောင်ချိမ့်၏ "ဂန္ထဝင်မမ" ကဗျာကို နားလည်ခံစားမိရန် ကဗျာပစ္စည်း တစ်ခုဖြစ်သော ဘာသာစကားကို အတွေ့အကြုံရှိရန် လိုအပ်သည်ဟု တင်ပြလိုပါသည်။ ဘာသာစကားနှင့် ပတ်သက်၍ ဇေယျာလင်းက

> "နေ့စဉ်သုံးဘာသာစကားထဲက စကားလုံးများကို ထူးခြားအောင်သုံးလိုက်လျှင် ထိုစကားလုံးများသည် ကဗျာဘာသာစကားလုံးတွေဖြစ်သွားနိုင်သည်။ ဘာသာစကားဆိုင်ရာ ဖန်တီးမှုစွမ်းရည်[၁]ဟု ဆိုသည်။ ၂၀ရာစု မြန်မာကဗျာများမှာ လေးလုံးစပ်ကဗျာဖွဲ့စည်းမှုကနေ ကာရန်မဲ့ကဗျာ ဖွဲ့စည်းမှု ပြောင်းလဲလာခဲ့ပါသည်။ ၂၁ရာစု၏ ပထမဆယ်ရာစုမှာ နောက်ထပ်ကဗျာဖွဲ့စည်းမှု ပုံစံတွေ ပြောင်းလဲလာသည်ကို တွေ့ရပါသည်"[၂]

ဟုဆိုပါသည်။ ထိုနည်းများမှ အောင်ချိမ့်၏ "ဂန္ထဝင်မမ" ကဗျာသည် လိုင်းများရှည်ထားသည်။ တိုက်ရိုက်ချိတ်ဆက်မှုမရှိဘဲ ဒစ္စဂျနက်တစ်နည်းသုံးထားသည်ဟု ဆိုရပါမည်။

ကဗျာ၏ပထမအပိုဒ်(၁)တွင် သုံးထားသော "ဒါဖျားနေသူရဲ့အသံပါပဲ"၊ ဒုမဲ့ဒြပ်မဲ့လက်ပတ်နာရီ"၊ ဒုတိယအပိုဒ်(၂)တွင် သုံးထားသော "သမဝါယမ ဆန်စားမ|ား စကားဝိုင်း"၊ "ကက၊ ခခ၊ ဂဂ၊ ဃဃ၊ငင"၊ "XXXXXXXXX"၊ "၁။၂။၃။၄။၅။၆။၇။၈။၉။၀"၊ "ပိုက်ဆံ ထောင်ပစ်နေတဲ့ချာတိတ်"၊ "ကင်းတဲက သူငယ်ချင်း"၊ တတိယအပိုဒ်(၄)တွင် သုံးထားသော "ခိုပြာရောင်မျက်နှာ"၊ အပိုဒ်(၅)တွင် သုံးထားသော "သီးခြားဆန်ဆန်နေရာ"၊ ပိုဒ်ရေ(၉)တွင် သုံးထားသော "အပျိုဖြစ်လာသော ပန်းပွင့်များ"၊ ပိုဒ်ရေ(၁၂)မှာ သုံးထားသော "သေသေသပ်သပ်ကောင်လေးတစ်ယောက်နဲ့ အချိုဖွဲ့လို့" စသည့် အဖွဲ့များသည် ကဗျာဖတ်သူဘက်က အားထုတ် ပြီး အနက်အဓိပ္ပာယ်ကို ဖော်ထုတ်ရမည်ဟု ခံယူပါသည်။ ဤစကားလုံးများ၏နောက်ကွယ်မှာ ရှိနေသော မပြောဘဲထားသည အဓိပ္ပာယ်များသည် တန်ဖိုးကွာခြားနိုင်ပါသည်။ ကဗျာရေးသူနှင့် ကဗျာဖတ်သူတို့ အတွေ့အကြုံကွာခြားသည်နှင့်အမျှ အနက်အဓိပ္ပာယ်ကောက်ယူမှုများ ကွဲပြား ခြားနားနိုင်ပါသည်။ ထိုအခါ ကဗျာ့အလှနှင့် ကဗျာ့ကျေးဇူးများလည်း ကွဲပြားခြားနားနိုင်ပါသည်။ ကဗျာဖန်တီးထားသူ၏ ကြုံတွေ့နေရသော ပတ်ဝန်းကျင်နှင့် အတွေးများကို ရက်ဖောက်စပ်ဆို သီကုံးထားသည်။

[၁] Linguistic creativity
[၂] ဇေယျာလင်း၊ ၂၀၁၆၊ ၇၅-၇၉။

**၅။ ဂန္ထဝင်မမနှင့် ရသ**

"ဂန္ထဝင်မမ" ခေတ်ပေါ်ကဗျာသည် အနုပညာပစ္စည်းတစ်ခုဖြစ်ပါသည်။ အနုပညာပစ္စည်းတစ်ခုသည် ခံစားမှုတစ်စုံတစ်ခုကို ပေးစမြဲဟု ယုံကြည်ပါသည်။ ကဗျာရေးသူ ဆရာအောင်ချိမ့်၏ ဆိုလိုချက်ကို ဖတ်သူတစ်ဦးအနေဖြင့် တိတိကျကျဖော်ပြနိုင်စွမ်းမရှိသော်လည်း ဖော်ပြပါအနုပညာ ဖန်တီးသူသည် ခံစားမှုအသိတစ်ခုခုဖြင့် ရေးသည်ကို အတတ်ပြောနိုင်မည်ဖြစ်ပါသည်။ ကဗျာကို ပြီးဆုံးအောင်ဖတ်ပြီးနောက် အကြိမ်ကြိမ်ဖတ်ဖြစ်ခဲ့ပါသည်။ အနုပညာဖန်တီးသူ၏ ဆိုလိုချက်ကို ကဗျာဖတ်သူအား စူးစမ်းရှာဖွေလိုစိတ်ဖြစ်ပေါ်ရန် အားဖြစ်စေခဲ့ပါသည်။ ဤအချက်သည် ပညာရှင်များ ဆိုလိုသော "ကဗျာဓာတ်" ဟု ယာယီသတ်မှတ်လိုပါသည်။ ဒဂုန်တာရာမိန့်ဆိုခဲ့သည့်အတိုင်း ခံစားမှုမပါလျှင်အနုပညာပစ္စည်းဖြစ်မလာနိုင်ဟု လက်ခံလိုစိတ်ဖြစ်ပေါ်ခဲ့ပါသည်။

"ဝေဒနာမပါဘဲနှင့် ကဗျာရေးဖို့ ကြိုးစားတာ မှသာဝါဒပါပဲ"[၁]

ဟု မောင်သာချိုက ဆိုခဲ့ဖူးပါသည်။

"ကဗျာတစ်ပုဒ်ဟာ ကဗျာရေးသူရဲ့ လူမှုဘဝနှင့် ဆက်စပ်ပါသည်"[၂]

ဟု ခေတ်ပေါ်ကဗျာဆရာ၊ ဝေဖန်ရေးဆရာတစ်ဦးဖြစ်သော နေမျိုးက ဆိုပါသည်။

ဇေယျာလင်းက

"ကဗျာဟာ သတင်းအချက်အလက်ပေးဖို့ထက် စိတ်လှုပ်ရှားမှုရသကို ပေးဖို့ ဦးတည်ရည်ရွယ်တာ ဖြစ်သည်"[၃]

ဟု ဆိုပါသည်။

## ခြုံငုံသုံးသပ်ချက်

ခေတ်ပေါ်ကဗျာဆရာတစ်ဦးဖြစ်သည့် ဆရာအောင်ချိမ့်၏ ကဗျာဖန်တီးမှုနှင့် ကဗျာ့ကျေးဇူးကို ဖော်ထုတ်ရာတွင် ထိမိပေါ်လွင်စေရန်အတွက် (၁) ဂန္ထဝင်မမနှင့်အတွေး (၂) ဂန္ထဝင်မမနှင့်ဘာသာစကားအမြင် (၃) ဂန္ထဝင်မမနှင့်ရသဟူ၍ကဏ္ဍများခွဲ၍တင်ပြခဲ့ပါသည်။ ဂန္ထဝင်မမနှင့်အတွေးကဏ္ဍ တွင် ကဗျာခံစားသူဘက်မှဖြစ်ပေါ်လာသော အတွေးများကို အထူးအားပေးတင်ပြခဲ့ပါသည်။ ဂန္ထဝင်မမကဗျာတွင် သုံးနှုန်းထားသော ကဗျာပစ္စည်းများဖြစ်သည့် အညွှန်းပြုနှင့်အညွှန်းခံများကို ချိတ်ဆက်၍ဖြစ်ပေါ်လာသော အတွေးများ ဖြစ်ပါသည်။ သို့ဖြစ်၍ကဗျာခံစားသူများ၏ အတွေးအကြံအနုအရင့်ပေါ်မှာမူတည်ပြီး ကဗျာ့အတွေးများကွာခြားနိုင်ပါသည်။

ဂန္ထဝင်မမနှင့်ဘာသာစကားအမြင်ကဏ္ဍတွင် ခေတ်ပေါ်ကဗျာဖန်တီးသူ၏ ဘာသာစကား အတွေးအကြံနှင့်ပင်ကိုဟန်ကို တွေ့မြင်နိုင်ပါသည်။ အတတ်ပညာကို အစွန်းမရောက်စေခဲ့ဘဲ မိမိ၏ ကဗျာ့ရည်ရွယ်ချက်ကို ပုံဖော်နိုင်ခဲ့သည်ဟု ယူဆပါသည်။

ဂန္ထဝင်မမနှင့်ရသကဏ္ဍတွင် ကဗျာတွင်သုံးထားသောစာသားများအရရသတစ်စုံတစ်ခု ဖြစ်ခဲ့သည်မှာ သေချာပါသည်။ ကဗျာဖန်တီးသူ၏ ကဗျာ့ဟန်နှင့်အတတ်ပညာကြောင့် ဂန္ထဝင်မမ ကဗျာကို အကြိမ်ကြိမ်ဖတ်ကြည့်၊ ရွတ်ကြည့်၊ တွေးကြည့်မှသာ ရသပေါ်လာနိုင်မည်ဟု တင်ပြလိုပါသည်။ ခေတ်ပေါ်ကဗျာများ၏ လက္ခဏာများနှင့်ပတ်သက်၍ ကြိုတင်အတွေ့အကြုံရှိထား မှသာ ဂန္ထဝင်ကဗျာကပေးသောအတွေးနှင့်ရသကိုချိတ်ဆက်မိစေမည်ဟု ဆိုချင်ပါသည်။ ခံစားသူ ဘက်မှ အားထုတ်မှုရှိမှသာ ကဗျာမြောက်ခြင်း မမြောက်ခြင်းကိုပုံပေါ်စေမည်ဟု တွေးမိစေပါ သည်။

---

[၁] မောင်သာချို၊ ၂၀၁၇၊ ၁၃၃။
[၂] နေမျိုး၊ ၂၀၁၆၊ ၁၁၆။
[၃] ဇေယျာလင်း၊ ၂၀၁၆၊ ၇၁။

## နိဂုံး

ကဗျာဖန်တီးသူ၏ ခေတ်နှင့်ဖန်တီးပုံကို ခေတ်ပေါ်ကဗျာခံစားသူက အတွေ့အကြုံရှိထားပြီးမှသာ ကဗျာ့အလှနှင့်ကဗျာ့ကျေးဇူးများကို ပြည့်ပြည့်ဝဝခံစားနိုင်မည်။ ကဗျာ့တန်ဖိုးများကို ဖော်ထုတ်နိုင် မည်ဟု ယုံကြည်ပါသည်။

## ကျမ်းကိုးစာရင်း


စိန်ဝင်း၊လူထု။ (၁၉၉၉)။ *မော်ဒန်လက်ဖက်ရည်ပန်းကန်ထဲကမုန်တိုင်းငယ်*။ မိုးယံစာပေ၊ ရန်ကုန်။

ဇော်ဇော်အောင်။ (၁၉၉၇)။ *အနုပညာ၀စံ*။ ပန်းအောင်အော့ဖ်ဆက်၊ ရန်ကုန်။

မင်းနဒီခ။ (၂၀၁၆)။ *ကဗျာဆိုင်ရာစာတမ်းများ*။

မျိုးသန့်။ (၂၀၁၇)။ *ခေတ်ပေါ်ကဗျာနှင့်စိမ်းစိုသောလမ်းကလေး*။ ဒေါင်းစာပေ၊ ရန်ကုန်။

နောင်ချိုသစ်။ (၂၀၁၇)။ *မော်ဒန်စာပေလှုပ်ရှားမှု*။ ပုံရိပ်ရှင်အော့ဖ်ဆက်၊ ရန်ကုန်။

သာချို၊မောင်။ (၂၀၁၇)။စတုတ္ထအကြိမ်။*မဟာတံတိုင်းပေါ်ကကျော်၍ကြည့်ခြင်း*။ လပြည့်လင်း ပုံနှိပ်တိုက်၊ ရန်ကုန်။

အောင်ချိမ့်။ (၂၀၁၅)။ *မင်းကအောင်ချိမ့်လား*။စိတ်ကူးချိုချိုစာပေ၊ ရန်ကုန်။